ကညီသးစၢ်ကရၢ (လီၢ်ခၢဉ်သး)
**KAREN YOUTH ORGANIZATION (Central)**
**Email**: kyohqktl@gmail.com,

## (၇၁) ကြိမ်မြောက် ကရင့်အမျိုးသားအာဇာနည်နေ့ သို့ ပေးပို့သော ကရင်လူငယ်အစည်းအရုံး၏ သဝဏ်လွှာ

နေ့စွဲ - ၁၂ ရက်၊ ဩဂုတ်လ၊ ၂၀၂၁ ခုနှစ်

ကရင့်အမျိုးသားခေါင်းဆောင်များ၊ ရဲဘော်ရဲဘက်များ၊ မိဘပြည်သူ အပေါင်းတို့ ခင်ဗျား ..

ရှေးဦးစွာ ကရင့်အမျိုးသားအာဇာနည်အပေါင်းကို ရိုသေလေးစားစွာဖြင့် ဦးညွှတ်ဂုဏ်ယူအလေးပြုအပ်ပါသည်။ ဤနေ့သည် ကရင်တမျိုးသားလုံးအတွက်မမေ့အပ်သော နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သကဲ့သို့ ခေါင်းဆောင်ကြီးစောဘဦးကြီး နှင့် ရဲဘော်ရဲဘက်များမှ ကရင့်တော်လှန်ရေးအတွက် အသက်ပေးလှူခဲ့သော နေ့တစ်နေ့ ဖြစ်ပါသည်။

အဘယ်ကြောင့် ကရင့်အမျိုးသားအာဇာနည်များမှ ကိုယ်ကျိုးစွန့်အသက်သွေးချွေး ပေးလှူခဲ့ရသည် ဆိုသည်ကို ကရင်တမျိုးသားလုံးမှ သိထားသင့်ပေသည်။ မဟာလူမျိုးကြီးဝါဒီများ၏ လွှမ်းမိုးဖိနှိပ်မှုမှ ကရင်လူမျိုးမပျောက်ကွယ်သွားရစေရန် အတွက်သော်၎င်း၊ ကရင်လူမျိုး၏ အခွင့်အရေး၊ တန်းတူညီမျှမှု၊ လွတ်လပ်ရေး နှင့် ကိုယ်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိစေရန် အတွက်သော်၎င်း ကရင့်အမျိုးသားအာဇာနည်များ မှ တိုက်ပွဲဝင်ကာ အသက်ပေးလှူခဲ့ကြရပါသည်။ ယနေ့ဆိုလျှင် ကရင့်အမျိုးသားများအနေဖြင့် ကရင်အမျိုးသားအာဇာနည်နေ့ကို အောက်မေ့သတိရလျှက် အလေးအမြတ်ပြု ကျင်းပလာခဲ့သည် မှာ (၇၁) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ သို့သော် ကရင့်အမျိုးသားအာဇာနည်များ၏ မျှော်မှန်းချက် နှင့် အမျိုးသားရေး အဌိမပန်းတိုင်သို့ မရောက်ရှိသေးပါ။

ကရင်အမျိုးသားထုတရပ်လုံးအနေဖြင့် ပြန်လည်ဆင်ခြင်သတိတရရှိသင့်ပါသည်။ ကရင့်အမျိုးသား အာဇာနည်များ၏ ရည်မှန်းချက်ပြည့်ဝရန် ကရင်တမျိုးသားလုံး၏လက်ထဲတွင် တာဝန်ရှိနေပါသည်။ ကရင်အမျိုးသားထုတရပ်လုံး မြေရှင်ပဒေသရာဇ်စနစ်ဆိုး၊ သက်ဦးဆံပိုင်စနစ်ဆိုး၊ ဖက်ဆစ်စနစ်ဆိုး နှင့် လူမျိုးကြီးဝါဒစနစ်ဆိုးများ၏ ဝါးမျိုမှုနှင့်ဖိနှိပ်အုပ်ချုပ်ချယ်လှယ်မှုများမှ လွတ်မြောက်ရန်အတွက် အမျိုးသားခေါင်းဆောင်များမှ နည်းအမျိုးမျိုး၊ ကဏ္ဍပေါင်းစုံမှ တွန်းလှန်ခဲ့ကြပြီဖြစ်ပါသည်။ သို့သော် ယနေ့အထိတိုင် စနစ်ဆိုးများ၏ အုပ်ချုပ်မှုအောက်မှ လွတ်မြောက်အောင်မြင်နိုင်ခြင်း မရှိသေးပါဟုပြောနိုင်ပါသည်။ ကရင်အမျိုးသားအာဇာနည် ရည်မှန်းချက်များ ပြည့်ဝရန် နှင့် လူမျိုးမပျောက်ရန်၊ အနိုင်ကျင့်ဖိနှိပ်အုပ်စိုးမှုများမှ လွတ်မြောက်ရန် ကရင်လူမျိုး တစ်ဦးစီတိုင်း ၏ သွေးစည်းညီညွတ်မှု အင်အားပြယုဂ်တွင် အသီးသီး တာဝန်ရှိနေပါသည်။

ရှေးယခင် ကတည်းကပင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကြရန် အမျိုးသားခေါင်းဆောင်များမှ ကြိုးပမ်းခဲ့ကြသော်လည်း အခြားတဖက်မှ ကောက်ကျစ်စဉ်းလဲစွာဖြင့် လက်နက်အင်အား၊ မသမာသောနည်းလမ်းများဖြင့် တိုက်ပွဲအသွင်ဆောင်လာစေရန် ဖိအားပေးခဲ့သဖြင့် ယနေ့အထိတိုင် လွတ်မြောက်ရန် အမျိုးမျိုးရုန်းကန်ကြိုးပမ်းနေရဆဲဖြစ်ပါသည်။ ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး ၏ ဦးဆောင်ဦးရွက်ပြုမှုသည် ကရင်တမျိုးသားလုံးအတွက် အလွန်တရာမှအရေးကြီးနေပါသည်။ ထို့ကြောင့် ကရင့်အမျိုးသားပြည်သူတစ်ရပ်လုံး သွေးစည်းညီညွတ်စွာဖြင့် လက်တွဲ၍ တစ်ထောင့်တစ်နေရာမှ ကိုယ်ကျိုးစွန့်ကာ အနစ်နာခံ ပေးဆပ်ပြီး တိုက်ပွဲဝင်သွားကြပါစို့။ အမျိုးသားရေးရည်မှန်းချက် ပြည့်ဝ အောင်မြင်ရန် အနစ်နာခံပေးဆပ်ပြီး ကိုယ်ကျိုးစွန့်လျှက် ကိုယ်ပိုင်စွမ်းရည်၊ နိုင်ငံရေးစွမ်းရည်များ ပြည့်ဝစွာဖြင့် မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ကာ အချိန်နာရီအား၊ လုပ်အား၊ ငွေအားဖြင့် တတ်စွမ်းသမျှ ပါဝင်လုပ်ဆောင်ကြပါစို့။

စပါးစေ့တစ်စေ့သည် မြေပေါ်သို့ကျပြီး မပုပ်မပျက်ဘဲ စပါးပင်တစ်ပင် မဖြစ်လာနိုင်သကဲ့သို့ မိမိတို့ကရင်လူမျိုးတစ်ဦးစီတိုင်း၏ ပေးဆပ်မှု၊ အနစ်နာခံမှု၊ ကိုယ်ကျိုးစွန့်မှုများ မရှိပါက အောင်မြင်ခြင်းပန်းတိုင်သို့ မည်သို့မျှ ရောက်ရှိနိုင်မည်မဟုတ်ပါ။ ယနေ့သည် ကရင့်အမျိုးသားအာဇာနည်ခေါင်းဆောင်များမှ ကရင့်အမျိုးသားရေးအောင်မြင်မှုပန်းတိုင်ရောက်ရှိရန် လမ်းခင်းပေးခဲ့သည်ကို အမှတ်ရစေမည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မိမိတို့အားလုံးမှ ညီညွတ်စွာဖြင့် ကရင့်အမျိုးသားအာဇာနည်အပေါင်းတို့ကို ပြန်လည်အမှတ်ရအောက်မေ့ခြင်း၊ ကျေးဇူးတင်ဂုဏ်ပြုခြင်း နှင့် အရိုအသေပေးအလေးပြုခြင်းများကို ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစလုံးဖြင့် မှန်းမျှော်ပြုလုပ်ရင်း ကရင့်အမျိုးသားရေးအောင်မြင်ခြင်းပန်းတိုင်သို့ ရောက်ရှိသည်အထိ စည်းလုံးညီ

ညွှတ်စွာ၊ ခံယူချက်ခိုင်မာစွာဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် ဆက်လက်လျှောက်လှမ်း သွားကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။

**"အာဇာနည် ဝိညာဉ် ကရင်တမျိုးသားလုံး အပေါ်တွင် ထာဝစဥ်ရှင်သန်ပါစေသော်"**

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**ကရင်လူငယ်အစည်းအရုံး**

**ကော်သူးလေ။**